

ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
ရွာလုံးကျွတ်အတိုက်

အောင်မြတ်သာနှင့် ရှာလုံးကျွတ်အတိုက်
ဇေယန(ရာမည)

"အတော်ပူတဲ့ အညာနွေကွာ ယပ်ခတ်ရတာနဲ့တင် လက်အန်သေတော့မယ်"

တောက်ရရဲ့ စိတ်မရှည်တဲ့လေသံကြောင့် အင်ရွက်နှစ်ရွက်ကို ထပ်ပြီး ယပ်ခတ်နေတဲ့ သက်ခိုင်က သဘောကျစွာ ရယ်လိုက်ပြီး

"ငါတို့ကသာ ပူနေတာ တို့ဆရာကတော့ သွပ်အမိုးဇရပ်အောက်မှာ တရားထိုင်နေတာ လှုပ်တောင်မလှုပ်ဘူး"

"ဆရာရဲ့ သထမအား အရမ်းကောင်းတာကြောင့် ဖြစ်မယ်။ ဩော် ဒါနဲ့ ဒီဇရပ်မှာနေတာ တစ်ပတ် ပြည့်တော့မယ်နော်"

" အချိန်မသင့်သေးလို့ ဖြစ်မှာပေါ့ကွာ ..."

သက်ခိုင်က စကားကို လိုတိုရှင်းပြောပြီး မနက်က ခပ်ထားတဲ့ သောက်ရေနဲ့ မျက်နှာကိုပွတ်ကာ ပူလောင်မှုဒဏ်ကို အကာအကွယ် ယူနေလိုက်တယ်။

အတန်ကြာတော့ ဇရပ်ပေါ်ကနေ အရပ်ဆယ်မျက်နှာကို မေတ္တာပို့အမျှဝေသံကြားလို့ ခေါင်းထောင် ကြည့်လိုက်ရာ တရားဖြုတ်နေပြီ ဖြစ်တဲ့ အောင်မြတ်သာကို မြင်လိုက်ရတယ်။

" တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေကြပါလား"

" ဟုတ်ပ့ါဆရာရယ် ဒီနှစ်အညာနွေအပူက အတော်ကို စိုးလွန်းပါတယ်

ဗျာ"

" အင်း ငါတို့လည်း ဒီနေရာမှာ ဆက်နေရဦးမယ်နဲ့ တူပါတယ်"

" ဘာဖြစ်လို့လဲဆရာ... ထူးခြားမှုမရှိလို့လား"

"ဟုတ်တယ် ဒီရက်ပိုင်းတွေမှာ ဘယ်အရပ်ဒေသကို သွားရမယ်ဆိုတဲ့ အာရုံမရဘူး ဖြစ်နေတယ်။ မင်းတို့လည်း ဒီဇရပ်မှာ တစ်ပတ်လောက် နေခဲ့ရပြီးပြီ ဆိုတော့ နောက်တစ်နေရာ သွားကြရအောင်"

အောင်မြတ်သာစကားကြောင့် ငူငူငိုင်ငိုင်ဖြစ်နေတဲ့ တောက်ရ ခေါင်းထောင်လာပြီး

" ဘယ်ကိုသွားကြမလဲဆရာ..."

" ခြေဦးတည့်ရာ သွားကြတာပေါ့။ လွယ်အိတ်နဲ့ရေဘူးတွေ ထည့်လာခဲ့ကြ"

တောက်ရတို့လည်း လွယ်အိတ်ထဲကို ရေဘူးတွေ ထိုးထည့်ပြီးတာနဲ့ အောင်မြတ်သာ သွားတဲ့နောက်ကို လိုက်ပါသွားခဲ့ကြတယ်။

***

"အမလေး ... ပန်းမြရေ.. ငါ့ကို တစ်ယောက်တည်း ထားခဲ့ပြီလား... နင့်တူတွေကို ထိန်းပေးမယ်ဆို အခုတော့ ရုတ်တရက်ကြီး ငါ့တို့အနားကနေ ဘာလို့ထွက်သွားရတာလဲ"

မိန်းမတစ်ယောက်ရဲ့ အော်ဟစ်ငိုယိုသံကြောင့် လှည်းလမ်းမျက်ကွယ်ကွေ့ကနေ လျှောက်လာကြတဲ့ အောင်မြတ်သာတို့ ခြေလှမ်းတွေ ရပ်လိုက်ပြီး အသံကြားရာဘက်ကို ကြည့်လိုက်ရာ ဝါးကပ်အလောင်းစင်ကို ထမ်းပြီး အသုဘပို့နေကြတဲ့ လူအချို့ကို မြင်လိုက်ရတယ်။ အလောင်းစင်ရဲ့ အပေါ်မှာတော့ "မပန်းမြ... အသက်(၂၆)နှစ်" ဆိုပြီး ရေးထားခဲ့တယ်။

" ဟင် "

အောင်မြတ်သာက အသုဘပို့တဲ့ လူအုပ်ထဲကိုကြည့်ပြီး အံ့ဩသွားဟန်ဖြင့် ရေရွတ်လိုက်တယ်။

" ဆရာ ဘာဖြစ်လို့လဲ"

" သက်ခိုင် မင်းရဲ့အာရုံတွေကို စုစည်းပြီး လူအုပ်ထဲကို ကြည့်စမ်း ... ဘာထူးခြားတာမြင်လဲ"

အောင်မြတ်သာ စကားကြောင့် သက်ခိုင် စိတ်ကို မျက်လုံးနှစ်လုံးကြားထဲ စုစည်းပြီး ကြည့်လိုက်ရာ အသုဘပို့တဲ့ လူအုပ်ကြားထဲမှာ တစ်ကိုယ်လုံး သွေးမရှိပဲ ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ မိန်းမသုံးယောက်ကို မြင်လိုက်ရတယ်။

" ဆရာ လူအုပ်ထဲမှာ နာနာဘာဝတွေ ရောထွေးနေပါလား"

"ဟုတ်တယ် သက်ခိုင် ... ဖြစ်ရိုးဖြစ်စဉ်အရ ဆိုရင် နာနာဘာဝတွေဟာ လူတွေအနား ရောက်လာရင်တောင် အဝေးကို ထွက်ပြေးပြီး ပုန်းအောင်းကြရတယ်။ အခုကျတော့ လူတွေနဲ့ယှဉ်တွဲပြီး သွားလာနေတာ အတော်ထူးဆန်းတယ်"

" ဆရာ ... အခေါင်းစင်ကိုကြည့်ဦး"

တောက်ရ စကားကြောင့် လူတွေထမ်းထားတဲ့ အခေါင်းစင်ကို ကြည့်လိုက်ရာ ဆံပင်တွေ ကောက်ကွေးကာ တစ်ကိုယ်လုံး မီးကျွမ်းထားသလို မည်းနေတဲ့ သရဲတစ်ကောင်က အခေါင်းထဲမှာ ထည့်ထားတဲ့ စားမြိန်ထုပ်ကိုယူပြီး ပလုတ်ပလောင်း စားနေတာ မြင်လိုက်ရတယ်"

"ဒီအသုဘကတော့ ထူးဆန်းနေပြီ... ငါတို့အနေနဲ့ ခရီးသွားဟန်လွှဲ လုပ်ပြီး စနည်း နာကြည့်ရအောင်"

အောင်မြတ်သာတို့ သုံးယောက်လည်း အသုဘပို့တဲ့လူအုပ်ထဲ ရောဝင်

လိုက်တဲ့အချိန် ဖြူဖပ်ဖြူရော် မျက်နှာနဲ့ နာနာဘာဝတွေ ရုတ်တရုတ် ဆို သလို ဘေးမှာရှိတဲ့ ချုံတွေထဲ တိုးဝင် ပျောက်ကွယ်သွားခဲ့တယ်။

" ဆရာ အခေါင်းစင်ပေါ်က သရဲလည်း ဆင်းပြေးပြီ"

သက်ခိုင်စကားအဆုံးမှာ စားမြိန်ထုပ်ကို ကိုင်ပြီး ချုံထဲဝင်ပြေးသွားတဲ့ အရိပ်မည်းမည်း တစ်ခုကို မြင်လိုက်ရတယ်။

သင်္ချိုင်းမြေရောက်တော့ အသင့်တူးထားတဲ့ မြေကျင်းထဲကို အလောင်းမ ချမီ သရဏဂုံ တင်နေတဲ့အချိန် သက်ခိုင်က အနားမှာရှိတဲ့ လူတစ်ယောက် နား သွားပြီး

" ဒီကောင်မလေးက ဘယ်လိုကြောင့် ဆုံးသွားတာလဲ"

" ခင်ဗျားတို့ကို ရွာမှာ မမြင်ဖူးပါဘူး .... ဘယ်ကလူတွေလဲ"

"ကျုပ်တို့က ဇရပ်တွေမှာလိုက်ပြီး အခိဋ္ဌာန်ဝင်နေတဲ့သူပါ။ အခုလည်း လမ်းသွားရင်း အသုဘတွေ့တာနဲ့ မသာတစ်ခေါက် ကျောင်းဆယ်ခေါက် ဆိုတဲ့စကားကို စနည်းနာပြီး လိုက်ပို့ပေးတာပါ"

" ခင်ဗျားတို့က အောက်လမ်းဆရာတွေတော့ မဟုတ်ပါဘူးနော်"

ရွာခံလူရဲ့စကားကြောင့် သက်ခိုင်က လည်ပင်းမှာ ဆွဲထားတဲ့ ဘုရား ဆင်းတုပုံကို ပြပြီး

" ဘုရားစူး မဟုတ်ရပါဘူးဗျာ ... ကျိန်ဆို ကျိန်ပြောရဲပါတယ်"

"ဒါဆိုလည်း ပြီးတာပါပဲ ဒီကောင်မလေးက မနေ့ညနေကတောင် ရေခပ် ဆင်းတာ တွေ့လိုက်သေးတယ်။ ညဘက်ရောက်တော့ ရေသောက်နေရင်း သေသွားတာလို့ သူ့အစ်မ ပြောတာပဲ"

" ဗျာ ရေသောက်ရင်း သေတယ် ဟုတ်လား"

"ဟုတ်တယ် သူတို့အိမ်မှာ လူသေတာ ဒီတစ်ယောက်ပါရင် သုံးလောင်းရှိ

ပြီ။ ပထမ ဒီကောင်မလေးရဲ့ အဖေ ပိုးထိလို့ဆုံးတယ်၊ သူဆုံးလို့ ရက်လည်တဲ့နေ့မှာပဲ သူရဲ့ခဲအို အုန်းပင်ပေါ်က ပြုတ်ကျလို့ဆုံးတယ်၊ သူ့ရက်လည်ပြီးတဲ့ ညပဲ ဒီကောင်မလေး ရေသီးလို့ ဆုံးပြန်ရောဗျာ"

" ဟာ ခင်ဗျားပြောတဲ့ အတိုင်းဆို အလောင်းခုတင် အတိုက်နဲ့ တိုက်ထားတာ ဖြစ်နိုင်တယ်"

"ဘာလဲဗျ အလောင်းခုတင် အတိုက်ဆိုတာ....အဲ နေစမ်းပါဦး ခင်ဗျားက အောက်လမ်းဆရာ မဟုတ်ရင် ဒီလိုအကြောင်းတွေ ဘယ်လိုသိတာလဲ အဲကိစ္စကိုရှင်း"

"ဟင်း ခင်ဗျားနဲ့တော့ခက်ပြီ ကျုပ်တို့က နယ်တကာလှည့်ပြီး ပယောဂလိုက်ကုနေတဲ့ ဆရာတွေပါဗျာ။ ဒီပုံအတိုင်းဆိုရင် အဲဒီအိမ်မှာ နောက်တစ်ယောက် ထပ်သေနိုင်တယ်။ အလောင်းတင်တဲ့ စင်မှာ ခြေထောက်လေးချောင်းရှိသလို သေသူလည်း လေးယောက်ဖြစ်ရမယ် ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ လုပ်ထားတာဖြစ်နိုင်တယ်"

" ဟာ ဒုက္ခပါပဲ ဘယ်လိုလုပ်ရမလဲ"

ရွာခံလူရဲ့စကားအဆုံးမှာ အမှုဝေတဲ့ ကြေးစည်သံ ထွက်ပေါ်လာတာကြောင့် စကားစ ပြတ်သွားခဲ့တယ်။ အလောင်းမြေချပြီးတဲ့ အချိန် ခုနကလူပြန်ရောက်လာပြီး

" ဒီကိစ္စမျိုးက တကယ်ရှိနိုင်လို့လား"

"ရှိနိုင်တာပေါ့ဗျ ... လုပ်ထားတဲ့သူက တစ်အိမ်လုံးကို တစ်ချိန်တည်း သေအောင် မလုပ်တာပဲ ကျေးဇူးတင်ရမယ်"

" ဒုက္ခပါပဲ .. အခုချိန်မှာ သွားပြောရင်လည်း ကျုပ်ပြောတာကို ယုံမှာမဟုတ်ဘူး"

"ဒီလိုလုပ်ဗျာ ... ဆရာနဲ့ကျုပ်တို့ကို ရွာမှာတည်းလို့ရအောင် ကူညီပေး ... ဒီကိစ္စရဲ့ ဇာစ်မြစ်ကို မရရအောင် ဖော်ထုတ်ပေးမယ်လို့ ကတိပေးတယ်"

"ဒါဆိုရင် ခင်ဖျားတို့သုံးယောက်ကို ကျုပ်ရဲ့မိတ်ဆွေတွေလို့ ပြောထားလိုက်မယ်။ တည်းတာကတော့ အိမ်မှာပဲနေကြပေါ့။ ကျုပ်အိမ်က အကောင်းကြီး မဟုတ်ပေမဲ့ နေလို့တော့ရပါတယ်"

" ကျုပ်တို့အတွက်က ကျောတစ်ခင်းစာ နေရာရရင် အဆင်ပြေပါပြီ"

"အဲ ... တစ်ခုတော့ ပြဿနာရှိနိုင်တယ်။ အိမ်မှာနေဖို့ဆိုရင် ကျုပ်မိန်းမ အသံကို သည်းခံနိုင်မှရမယ်။ သူက စကားပြောမတတ်ပေမယ့် စိတ်ရင်းကတော့ ကောင်းပါတယ်"

" ဒါနဲ့ ခင်ဖျားနာမည်က ဘယ်လိုခေါ်လဲ"

"စကားကောင်းနေရင်း မိတ်ဆက်ဖို့မေ့နေတာ ... ကျုပ်နာမည်က ထွန်းညိုလို့ ခေါ်တယ် ... မိတ်ဆွေတို့ကရော"

"ကျုပ်နာမည်က သက်ခိုင်ပါ.. ဒါကတော့ တောက်ရ ... ဒါကတော့ ကျုပ်တို့ နှစ်ယောက်ရဲ့ ဆရာ အောင်မြတ်သာပါ"

"အိမ်ရောက်လို့ ကျုပ်မိန်းမမေးရင် အဘိုးပေါ်ထွန်း အမျိုးတွေလို့ ဖြေပေးနော် ... ကျုပ်သဘောနဲ့ကျုပ် ခေါ်လာတာသိရင် ရန်ဖြစ်နေရဦးမယ် ဟီး"

"အဘိုးပေါ်ထွန်း ဆိုတာက ဘယ်သူလဲဗျ"

"အဘိုးပေါ်ထွန်းဆိုတာ ဒီရွာရဲ့ ပွဲကိုင်ရှင်ပေါ့ဗျာ... သူ့ကြောင့် အနီးတစ်ဝိုက် ရွာတွေထက် ကျုပ်တို့ရွာက နှစ်စဉ်စံပြဆု ရခဲ့တာ ... ကျုပ်မိန်းမက အဘိုးပေါ်ထွန်းကို အရမ်းလေးစားတာ ... ဒါကြောင့် ကျုပ်ပြောသလိုသာ ပြောကြပါ"

" ဒါဆိုအဘိုးပေါ်ထွန်းက အခုရွာမှာရှိလား"

"မနှစ်က ရှာဆုပေးပွဲပြီးတော့ တရားစခန်းမှာပဲ နေတော့မယ်ဆိုပြီး ထွက်သွားတာ။ တစ်ကိုယ်တည်း လူပျိုကြီးဆိုတော့ ပြုစုမယ့်သူမရှိဘူး လေ"

ထွန်းညိုစကားအဆုံးမှာ မှတ်တိုင်စိုက်ပြီး ပြန်လာကြတဲ့ သူတွေကြောင့် စကားစ ပြတ်သွားခဲ့ကြတယ်။

***